# ဆိတ်သုံးကောင် နှင့် ဘီလူးကြီး



ပညာ


unicef

# ဆိတ်သုံးကောင်
နှင့်
# ဘီလူးကြီး



တစ်ခါတုန်းက ကိုကြီး၊ ကိုလတ်၊ ကိုလေးဆိုတဲ့ ဆိတ်ညီနောင် သုံးကောင် ရှိသတဲ့။

သူတို့ဟာ စိမ်းလန်းတဲ့ မြက်ခင်းပြင်ရဲ့ အနီးမှာ နေကြတယ်။





ဆိတ်ညီနောင် သုံးကောင်ဟာ အဲဒီစိမ်းလန်းတဲ့ မြက်ချိုချိုတွေကို သိပ်စားချင်ကြတယ်။ ဒါပေမဲ့ အဲဒီမြက်ခင်းပြင်ကို ရောက်ဖို့ တံတားကြီးတစ်ခုကို ဖြတ်ရမယ်တဲ့။

အဲဒီတံတားကြီးရဲ့အောက်မှာ ရုပ်ဆိုးဆိုးနဲ့ ဘီလူးကြီးတစ်ကောင်ရှိတယ်။ သူက တံတားပေါ် ဖြတ်သမျှကို ဖမ်းစားလေ့ရှိတယ်။





တစ်နေ့ကျတော့ ကိုလေးက
"ကိုကြီးနဲ့ ကိုလတ်ရေ၊ ကျွန်တော်တော့
ဒီတံတားကြီးကို ဖြတ်ပြီး ဟိုဘက်ကမ်းက
မြက်ချိုချိုတွေ သွားစားတော့မယ်" လို့
ပြောတယ်။ နောက် သူတံတားဆီကို
လျှောက်သွားတယ်။






သူတံတားပေါ် ဖြတ်လျှောက်လာတယ်။

ဒေါက် . . . . ဒေါက် . . . . ဒေါက်

ဘီလူးရုပ်ဆိုးကြီးကြားတော့ . . .
“ဟေ့ . . . . ငါ့တံတားပေါ်ဖြတ်တာ
ဘယ်သူလဲကွ” လို့ အော်မေးလိုက်တယ်။





"ကျွန်တော် ကိုလေးပါခင်ဗျာ" လို့
ပြန်ပြောလိုက်တယ်။


ဒီအခါ . . .
"မင်းကို ငါဖမ်းစားရလိမ့်မယ်" လို့
ဘီလူးကြီးက ပြောလိုက်တယ်။





“မလုပ်ပါနဲ့ ခင်ဗျာ၊ ကျွန်တော်ဟာ ဘီလူးကြီးစားဖို့ သိပ်ငယ်လွန်း ပါတယ်။ ခဏနေရင် ကိုလတ်လာမှာမို့ သူ့ကို စောင့်လိုက်ပါဦး။ သူက ကျွန်တော့်ထက် ပိုထွားတဲ့အတွက် ဘီလူးကြီးအတွက် ပိုအရသာ ရှိမှာပါ” လို့ ပြောလိုက်တယ်။


ဒါနဲ့ ဘီလူးကြီးက “ဒါဖြင့် ကောင်းပြီ၊ မင်းသွားတော့” လို့ပြောပြီး ဖြတ်ခွင့် ပြုလိုက်တယ်။






ဒါနဲ့ ကိုလေးဟာ မြက်ခင်းစိမ်းလေးဆီကို ရောက်သွားတယ်။





မကြာခင် ကိုလတ်လည်း တံတားပေါ် ဖြတ်လျှောက်လာတယ်။

ဒေါက် . . . . ဒေါက် . . . . ဒေါက်။





ကိုလတ်ဖြတ်လျှောက်လာတဲ့အသံကို ဘီလူးကြီး လည်းကြားရော . . .
"ဟော့. . . . ငါ့တံတားပေါ်ဖြတ်တာ ဘယ်သူလဲကွ" လို့ အော်မေးလိုက်တယ်။

"ကျွန်တော် ကိုလတ်ပါခင်ဗျာ" လို့ ဖြေလိုက်တယ်။


"မင်းကို ငါ ဖမ်းစားရမယ်" လို့ ဘီလူးကြီးက ပြောတယ်။





“မလုပ်ပါနဲ့ ခင်ဗျာ၊ ကျွန်တော့်အစ်ကိုကြီးကို စောင့်လိုက်ပါဦး။ သူက ကျွန်တော့်ထက် ပိုထွားတော့ ပိုစားလို့ကောင်းမှာပါ” လို့ ပြောလိုက်တယ်။

ဘီလူးကြီးက “ဒါဖြင့် ကောင်းပြီ၊ မင်းသွားတော့” လို့ ပြောပြီး ဖြတ်ခွင့်ပြုလိုက်တယ်။





ဒါနဲ့ ကိုလတ်လည်း မြက်ခင်းစိမ်းလေးဆီကို ရောက်သွားပြန်တယ်။





မကြာခင် ကိုကြီးလည်း တံတားပေါ် ဖြတ်လျှောက်လာတယ်။ သူက အကြီးဆုံးနဲ့ အထွားဆုံးဆိုတော့ ခြေသံကလည်း ပိုပြင်း တာပေါ့။

ဒေါက် . . . . ဒေါက် . . . . ဒေါက်။





ဘီလူးကြီးလည်းကြားရော
"ဟေ့ . . . . ငါ့တံတားပေါ်ဖြတ်တာ
ဘယ်သူလဲကွ" လို့ အော်မေးပြန်တယ်။

"ကျွန်တော် ကိုကြီးပါ" လို့ ဖြေလိုက်တယ်။





“ဒါဖြင့် မင်းကို ငါဖမ်းစားမယ်” လို့
ဘီလူးကြီးက ပြောတယ်။






“ဖမ်းရဲရင် ဖမ်းကြည့်လေ” လို့ ကိုကြီးက တိုက်ဖို့ အသင့်အနေအထားနဲ့ ပြန်ပြောလိုက်တယ်။






ဘီလူးကြီးလည်း တံတားပေါ်တက်လာရော
ကိုကြီးက သူ့ချိုကြီးနဲ့ တအား ဝင်ခွေ့ပစ်လိုက်တယ်။





ဘီလူးကြီးက တံတားပေါ်က မြောက်တက်သွားပြီး ရေထဲကို ဗွမ်း ခနဲ ပြုတ်ကျသွားတယ်။ နောက်ဘယ်တော့မှ ပြန်ပေါ်မလာဘူးတဲ့။






ဒီလိုနဲ့ ကိုကြီး၊ ကိုလတ်၊ ကိုလေးဆိုတဲ့
ဆိတ်ညီနောင် သုံးကောင်ဟာ မြက်ခင်းစိမ်း
ချိုချိုလေးတွေကို အားပါးတရစားကြတယ်။





အဲဒီအချိန်ကစပြီး ဆိတ်သုံးကောင်ဟာ တံတားပေါ်ကို အေးအေးဆေးဆေး ဖြတ်လျှောက်နိုင်ကြပြီး ရုပ်ဆိုးတဲ့ ဘီလူးကြီးကိုလည်း နောက်ဘယ်သူမှ မတွေ့ကြတော့ဘူးတဲ့။







# ဆိတ်သုံးကောင် နှင့် ဘီလူးကြီး

သရုပ်ဖော် ဒီဇိုင်း သိန်းဝင်းအောင်



ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။